**မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့**

**နေ့စဉ်ဈေးကွက်သတင်းလွှာ**

September 2, 2025 Volume 94, Number 2

၂. ၉.၂၀၂၅

| | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = N/A |
| မြန်မာ့ရွှေဈေး | = N/A |
| ဒေါ်လာဈေး | = N/A |
| CBM Rate | = ၂၁၀၀ ကျပ် |
| ယူရိုတစ်ယူရို | = ၂၄၄၂.၇၂ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၆၂၉.၆၁ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၂၈၁၃.၄၈ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၃၆၆.၅၈ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၂၉၃.၈၃ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၃.၈၂ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၅၀.၆၂ ကျပ် |
| မလေးရှားရင်းဂစ် | = ၄၉၆.၁၀ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၆၄.၈၂ ကျပ် |

**CONTACT US**

ကုန်သွယ်မှုသတင်းအချက်အလက်နှင့် သုတေသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၀၄
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁-၃၇၆၄၁၆

http://www.myantrade.gov.mm

## နှမ်းစပါးရိတ်သိမ်းမှုနှင့်ဈေးကွက်အခြေအနေ




မန္တလေးတိုင်းဒေသကြီး ၊ ကျောက်ဆည်ခရိုင်သည် စိုက်ပျိုးရေးလုပ်ငန်းကို အဓိက လုပ်ကိုင်သော ဒေသတစ်ခုဖြစ်သည့် အလျောက် သီးနှံမျိုးစုံ စိုက်ပျိုးဖြစ်ထွန်းလျက်ရှိပြီး အဓိက အသက်သွေးကြောဖြစ် သော စပါးသီးနှံကိုလည်း စိုက်ပျိုးကြသည်။

နှမ်းစပါး စိုက်ပျိုးမှုအနေဖြင့် ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်၊ ကျောက်ဆည်မြို့နယ်တွင် ၄၉၃၂ ဧက၊ စဉ့်ကိုင်မြို့နယ်တွင်(၁၀၈၉)ဧကနှင့် မြစ်သားမြို့နယ်တွင် ၂၀,၁၁၀ ဧက စုစုပေါင်း စိုက်ဧက ၂၆,၁၃၁ဧက စိုက်ပျိုးနိုင်ခဲ့ပြီး ကျောက်ဆည်မြို့နယ်တွင် ၄၉၃၂ ဧက၊ စဉ့်ကိုင်မြို့နယ်တွင် ၁၀၈၉ ဧကနှင့် မြစ်သားမြို့နယ်တွင် ၉၃၁၀ဧက စုစုပေါင်း စိုက်ဧက ၁၅,၃၃၁ ဧက ရိတ်သိမ်းပြီးကြောင်း သက်ဆိုင်ရာဌာန၏စာရင်းများအရ သိရသည်။

နှမ်းစပါးသည် မိုးစပါးထက်သက်တမ်းပိုရှည်ကြောင်း ၊စပါးစိုက်ပျိုးမှုအနေဖြင့် ပတ်ကြဲ စိုက်ပျိုးမှုများရှိသလို ပျိုးနုတ်၍ စိုက်ပျိုးကြသူများ လည်းရှိကြောင်း ၊ စပါးမျိုးအနေဖြင့် မနောသုခ စပါးမျိုးများကိုသာ အများဆုံး စိုက်ပျိုးကြ ကြောင်းသိရသည်။

နှမ်းစပါးကို မတ်လတွင် စတင်စိုက်ပျိုးကြပြီး ယခုအချိန်တွင် နှမ်းစပါးများ ဖြိုင်ဖြိုင် ရိတ်သိမ်းလျက်ရှိကြောင်း ၊ နှမ်းစပါးစိုက်ပျိုးမှု ၁ ဧက ကုန်ကျစရိတ်အနေဖြင့် မျိုး ၊ သွင်းအားစု ၊လုပ်သားခအပါအဝင် ၉၃၀,၀၀၀ ကျပ် ကုန်ကျကြောင်း၊ စပါးအထွက်နှုန်း အနေဖြင့် ၁ ဧကလျှင် ၈၀-၈၅ တင်း ဝန်းကျင် ခန့်ထွက်ရှိပြီး အကျိုးအမြတ်အနေဖြင့် ၅၀၀,၀၀၀ ကျပ်ဝန်းကျင်ရရှိကြောင်း တောင်သူတစ်ဦးထံက သိရသည်။

ယခုအချိန်တွင် နှမ်းစပါးများစတင်ထွက်ပေါ်နေပြီး စပါးဈေးနှုန်းများမှာ ရောပဒေသာ (ဟောင်း) တင်း ၁၀၀ လျှင် ၂,၈၀၀,၀၀၀ ကျပ်၊ မနောသုခတင်း(ဟောင်း)တင်း ၁၀၀ လျှင် ၂,၁၀၀,၀၀၀ ကျပ်ဖြစ်ပြီး ယခုလက်ရှိ နှမ်းစပါးအသစ် မနောသုခ တင်း ၁၀၀လျှင်

၁,၇၀၀,၀၀၀ ကျပ်ဖြင့် ရောင်းဝယ်လျက်ရှိပြီး၊ ဆန်စျေးနှုန်းအနေဖြင့် ရေှာပဒေသာဆန်(ဟောင်း) တစ်အိတ်လျှင် ၁၃၅,၀၀၀၊ မနောသုခ(ဟောင်း) ဆန်တစ်အိတ်လျှင် ၉၂,၀၀၀ ကျပ်၊ မနောသုခ (သစ်) ဆန်တစ်အိတ်လျှင် ၇၅,၀၀၀ ကျပ်ဖြင့် ရောင်းဝယ်လျက်ရှိကြောင်း ကုန်သည်ပွဲစားများထံက သိရသည်။

**Source : DOCA(မန္တလေး)**

https://www.doca.gov.mm/

## ရန်ကုန်ဘုရင့်နောင်ကုန်စည်ဒိုင်တွင် ၂၅-၈-၂၀၂၅ မှ ၂၉-၈-၂၀၂၅ ရက်နေ့အတွင်းဖြစ်ပေါ်ခဲ့သော ပဲနှင့်အခြားကုန်စည်စျေးနှုန်းများ

**မတ်ပဲနှင့်ပဲစင်းငုံ**

ဘုရင့်နောင်ကုန်စည်ဒိုင်တွင် ပဲ(တစ်တန်) စျေးနှုန်းများမှာ မတ်ပဲ FAQ/RC (2024 Crop) ကျပ် ၂,၈၉၂,၀၀၀၊ မတ်ပဲ SQ/RC (2024 Crop) ကျပ် ၃,၁၉၂,၀၀၀ နှင့် ပဲစင်းငုံ Red/ RC(2024 Crop) ကျပ် ၂,၅၆၄,၀၀၀ စျေးဖြစ်ခဲ့သည်။

တစ်ပတ်အတွင်း မတ်ပဲ FAQ/RC (2024 Crop) ကျပ် ၉၈,၀၀၀၊ မတ်ပဲ SQ/RC (2024 Crop) ကျပ် ၁၂,၀၀၀ နှင့် ပဲစင်းငုံ Red/ RC(2024 Crop) ကျပ် ၄၂,၀၀၀ အသီးသီးစျေး ကျဆင်းခဲ့သည်။

ယခင်အပတ်က ကုန်စည်ဒိုင်သို့ မတ်ပဲ FAQ/RC (2024 Crop) ကွန်တိန်နာ ၄၅ လုံး (တန်ချိန် ၁၀၈၀) ဝင်ရောက်ခဲ့ပြီး ယခုအပတ်တွင် မတ်ပဲ FAQ/RC (2024 Crop) ကွန်တိန်နာ ၁၃၀ လုံး (တန်ချိန် ၃၁၂၀)ဝင်ရောက်ခဲ့သောကြောင့် ယခင်အပတ်ထက် မတ်ပဲကွန်တိန်နာ ၈၅ လုံး (တန်ချိန် ၂၀၄၀) ပိုမိုဝင်ရောက်ခဲ့ကြောင်းသိရသည်။

**ငရုတ်**

ဘုရင့်နောင်ကုန်စည်ဒိုင်တွင် ဖြစ်ပေါ်ခဲ့သော ငရုတ်သီး ( တစ်ပိဿာ ) စျေးနှုန်းများမှာ ပန်းရဲငရုတ် (သစ်) AC ကျပ် ၇,၅၀၀၊ မြားနီ ကျပ် ၉,၀၀၀ ၊ ဆင်ဖြူကျွန်း (ပု) ကျပ် ၁၇,၀၀၀ ၊ မိုးထောင်မြစ်ဝပု ကျပ် ၁၂,၀၀၀ နှင့် မြစ်ဝပု(သစ်) ကျပ် ၂၀,၀၀၀ စျေးအသီးသီး ဖြစ်ခဲ့သည်။

တစ်ပတ်အတွင်း ငရုတ်သီးများ စျေးငြိမ်လျက်ရှိသည်။ ကုန်စည်ဒိုင်သို့ ယခင်အပတ်က ငရုတ်ရှည်အိတ်ပေါင်း ၁၁၀၀ (၂၂,၀၀၀ ပိဿာ) နှင့် ငရုတ်ပုအိတ်ပေါင်း ၅၀ (၇၅၀ ပိဿာ)ဝင်ရောက်ခဲ့ပြီး ယခုအပတ်တွင် ငရုတ်ရှည်အိတ်ပေါင်း ၁၀၀၀ (၂၀,၀၀၀ ပိဿာ)ဝင်ရောက်ခဲ့သောကြောင့် ယခင်အပတ်ထက် ငရုတ်ရှည်အိတ်ပေါင်း ၁၀၀ (၂,၀၀၀ ပိဿာ) လျော့နည်းဝင်ရောက်ခဲ့ပြီး ငရုတ်ပုအိတ်ပေါင်း ၅၀ (၇၅၀ ပိဿာ) ပိုမိုဝင်ရောက်ခဲ့ကြောင်း သိရသည်။

**မန်ကျည်းသီး**

ဘုရင့်နောင်ကုန်စည်ဒိုင်တွင် မန်ကျည်းသီး (တစ်ပိဿာ) စျေးနှုန်းများမှာ မန်ကျည်းသီးပွင့်ကပ် (သစ်) ကျပ် ၆၀၀၀ နှင့် မန်ကျည်းအသား(သစ်)ကျပ် ၉၃၀၀ အသီးသီးစျေးဖြစ်ခဲ့သည်။ တစ်ပတ်အတွင်း မန်ကျည်းများ စျေးငြိမ်လျက်ရှိသည်။

**ထန်းလျက်၊ ကြံသကာနှင့် သကြား**

ဘုရင့်နောင်ကုန်စည်ဒိုင်တွင် ဖြစ်ပေါ်ခဲ့သော ထန်းလျက်၊ကြံသကာနှင့်သကြား(တစ်ပိဿာ) စျေးနှုန်း များမှာ တောင်သာမလိုင်(ဒိုး) ကျပ် ၅၇၀၀၊ ညောင်ဦးဆေးရှယ်(ထန်း) ကျပ် ၆၆၀၀၊ ပခုက္ကူကြမ်း (သစ်)ကျပ် ၅၆၅၀၊ ရေစကြို ထန်းလျက်(သစ်) ကျပ် ၇၀၀၀၊ ကြံသကာ ကျပ် ၅၂၀၀ နှင့် သကြား (ပြည်တွင်း) ကျပ် ၄၆၅၀ စျေးအသီးသီးဖြစ်ခဲ့သည်။ တစ်ပတ်အတွင်း ထန်းလျက်၊ကြံသကာနှင့်သကြားများ စျေးငြိမ်လျက်ရှိသည်။

Source: **ရန်ကုန်တိုင်းဒေသကြီးဦးစီးမှူးရုံး**

## ရန်ကုန်ဘုရင့်နောင်ကုန်စည်ဒိုင်တွင် ၂၅-၈-၂၀၂၅ မှ ၂၉-၈-၂၀၂၅ ရက်နေ့အတွင်းဖြစ်ပေါ်ခဲ့သော ကြက်သွန်နီ၊ ကြက်သွန်ဖြူနှင့် အာလူးဈေးနှုန်းများ

### ကြက်သွန်နီ

ဘုရင့်နောင်ကုန်စည်ဒိုင်သို့ ဆိပ်ဖြူမြို့ နှင့် မုံရွာမြို့တို့မှ ကြက်သွန်နီများ နေ့စဉ်ဝင်ရောက်လျက်ရှိရာ ကြက်သွန်နီ (တစ်ပိဿာ) ဈေးနှုန်းများမှာ ဆိပ်ဖြူရှယ် ကျပ် ၁၆၀၀ ၊ ဆိပ်ဖြူလတ်ကြီး ကျပ် ၁၄၅၀၊ ဆိပ်ဖြူလတ်သန့် ကျပ် ၁၁၅၀ ၊ ဆိပ်ဖြူလတ်ချော ကျပ် ၇၅၀ ၊ မုံရွာသစ်ရှယ် ကျပ် ၁၄၅၀ ၊ မုံရွာ လတ်ကြီး ကျပ် ၁၃၀၀ ၊ မုံရွာလတ်သန့် ကျပ် ၁၁၀၀ နှင့် မုံရွာလတ်ချော ကျပ် ၇၅၀ အသီးသီးဈေးဖြစ်ခဲ့သည်။

တစ်ပတ်အတွင်း မုံရွာသစ်ရှယ် ကျပ် ၁၀၀ နှင့် မုံရွာ လတ်ကြီး ကျပ် ၅၀ အသီးသီးဈေးမြင့်တက်ခဲ့ပြီး ကျန်အမျိုးအစားများမှာ ဈေးငြိမ်လျက်ရှိသည်။ ကုန်စည်ဒိုင်သို့ ကြက်သွန်နီ ဝင်ရောက်မှုမှာ ယခင်အပတ်က ကားစီးရေ ၁၅၀ စီး(၉၀၀,၀၀၀ ပိဿာ)ဝင်ရောက်ခဲ့ပြီး ယခုအပတ်တွင် ကားစီးရေ ၁၀၆ စီး (၆၃၆,၀၀၀ ပိဿာ)ဝင်ရောက်ခဲ့သောကြောင့် ယခင်အပတ်ထက် ကားစီးရေ ၄၄ စီး (၂၆၄,၀၀၀ ပိဿာ) လျော့နည်းဝင် ရောက်ခဲ့ကြောင်းသိရသည်။

### ကြက်သွန်ဖြူ

ဘုရင့်နောင်ကုန်စည်ဒိုင်သို့ ကြူကုတ်မြို့နှင့်အောင်ပန်းမြို့တို့မှ ကြက်သွန်ဖြူများ နေ့စဉ်ဝင်ရောက်လျက်ရှိရာ ကြက်သွန်ဖြူ(တစ်ပိဿာ) ဈေးနှုန်းများမှာ ကြူကုတ်(ရှယ်) ကျပ် ၁၇၅၀၀၊ အောင်ပန်းထူး -၂ ကျပ် ၄၀၀၀၊ အောင်ပန်းထူး-၃ ကျပ် ၅၀၀၀ ၊ အောင်ပန်းထူး-၄ ကျပ် ၆၀၀၀ နှင့် အောင်ပန်းထူး-၅ ကျပ် ၇၀၀၀ အသီးသီးဈေးဖြစ်ခဲ့သည်။ တစ်ပတ်အတွင်း ကြက်သွန်ဖြူများ ဈေးငြိမ်လျက်ရှိသည်။

ယခင်အပတ်က ကုန်စည်ဒိုင်သို့ ကြက်သွန်ဖြူအိတ်ရေ ၂၆၀၀ (၇၈,၀၀၀ ပိဿာ ) ဝင်ရောက်ခဲ့ပြီး ယခုအပတ်တွင် ကြက်သွန်ဖြူအိတ်ရေ ၂၉၀၀ (၈၇,၀၀၀ ပိဿာ) ဝင်ရောက်ခဲ့သောကြောင့် ယခင်အပတ်ထက် ကြက်သွန်ဖြူအိတ် ၃၀၀ (၉,၀၀၀ ပိဿာ) ပိုမိုဝင်ရောက်ခဲ့ကြောင်းသိရသည်။

### အာလူး

ဘုရင့်နောင်ကုန်စည်ဒိုင်သို့ အောင်ပန်းမြို့ နှင့် တရုတ်မှ အာလူးများနေ့စဉ် ဝင်ရောက်လျက်ရှိရာ အာလူး (တစ်ပိဿာ) ဈေးနှုန်းများမှာ အောင်ပန်း Ok ကျပ် ၄၅၀၀ ၊ အောင်ပန်း S1 ကျပ် ၅၅၀၀ နှင့် တရုတ်အာလူး ကျပ် ၅၈၀၀ အသီးသီး ဈေးဖြစ်ခဲ့သည်။ တစ်ပတ်အတွင်း အောင်ပန်း Ok ကျပ် ၅၀၀ ၊ အောင်ပန်း S1 ကျပ် ၃၀၀ နှင့် တရုတ်အာလူး ကျပ် ၂၀၀ အသီးသီးဈေးမြင့်တက်ခဲ့သည်။ ကုန်စည်ဒိုင်သို့ အာလူးဝင် ရောက်မှုမှာ ယခင်အပတ်က ကားစီးရေ ၂၀ စီး(၁၂၀,၀၀၀ ပိဿာ) ဝင်ရောက်ခဲ့ပြီး ယခုအပတ်တွင် ကားစီးရေ ၂၁ စီး(၁၂၆,၀၀၀ ပိဿာ) ဝင်ရောက်ခဲ့သောကြောင့် ယခင်အပတ်ထက် ကားစီးရေ ၁ စီး (၆,၀၀၀ ပိဿာ) ပိုမိုဝင်ရောက်ခဲ့ကြောင်း သိရသည်။

Source: **ရန်ကုန်တိုင်းဒေသကြီးဦးစီးမှူးရုံး**

## အညာဖန်ခါးဝိုင် ဖြန့်ဖြူးရန် ပြင်ဆင်



အညာဒေသထွက် ဖန်ခါးသီးကနေအရည်အသွေးမြင့် ဈေးကွက်ဝင် ဖန်ခါးဝိုင် ထုတ်လုပ်အောင်မြင်နေပြီး ဖြန့်ဖြူးခွင့်လိုင်စင်ရရှိရင် ဈေးကွက်အတွင်း ဖြန့်ဖြူးရောင်းချသွားမယ်လို့ အညာဖန်ခါးဝိုင် စမ်းသပ်ထုတ်လုပ်နေသူ ကိုဇော်မင်းခိုင်က ပြောပါတယ်။

အညာဒေသမှာ ဖန်ခါးပင်တွေက သဘာဝအတိုင်း အလေ့ကျပေါက်

ရောက်တဲ့ အပင်တစ်မျိုးဖြစ်ပြီး ဒေသခံတွေကတော့ ဆားရည်စိမ်တာ၊ အတို့အမြုပ်လုပ်စားတာတွေ ရှိပြီး တန်ဖိုးနည်းအသီး တစ်မျိုး ဖြစ်ပါတယ်။

ဈေးကွက်မှာ ပြည်တွင်းသာမက ပြည်ပအထိထိုး ဖောက်နိုင်ဖို့ ရည်ရွယ်ထားတာပါ။

အောင်မြင်မှုရရှိရင် ဖန်ခါးသီးဟာ ဒေသဖွံ့ဖြိုးရေးကို အထောက်အကူဖြစ်စေတဲ့ တန်ဖိုးမြင့်အသီးတစ်မျိုးဖြစ်လာမယ်လို့ ကိုဇော်မင်းခိုင်က ပြောပါတယ်။

ဖန်ခါးပင်တွေက အရွက်ကြီးမျိုး ဖြစ်တာကြောင့် အောက်စီဂျင်ထုတ်လုပ်မှု ပမာဏ များပြီး ရေခဲတ်ကိုလည်း ထိန်းသိမ်းထားနိုင်တဲ့ နှစ်ရှည်အပင်ကြီးမျိုးဖြစ်လို့ ခုတုခုတ် ကြွင်းတွေလည်း ကင်းစင်ပါတယ်။

ဖန်ခါးစိုင်အောင်မြင်လာရင် ဒေသတွင်းဖန်ခါးစိုက်ခင်းတွေ ပိုများလာနိုင်သလို အကျိုး စီးပွားဖြစ်ထွန်းမှုကိုလည်း ရရှိစေမှာ ဖြစ်တယ်လို့ သိရပါတယ်။

**Source :** https://onenewstvchannel.com/

## ဟသ်ာတမြို့နယ်၌ ငှက်ပျောသီးများ ဝယ်လိုအားကောင်းပြီး အရောင်းအဝယ် ကောင်းမွန်နေ



ဧရာဝတီတိုင်းဒေသကြီး ဟသ်ာတ မြို့နယ်၌ ငှက်ပျောသီးများဝယ်လို အားကောင်းပြီး အရောင်းအဝယ် ကောင်းမွန်နေကြောင်း ဟသ်ာတ မြို့နယ်မှ ငှက်ပျောသီးမျိုးစုံ ရောင်းဝယ်ရေးပွဲရုံလုပ်ငန်းလုပ်ကိုင်သူတစ်ဦးထံက သိရသည်။

ဟသ်ာတမြို့နယ်ဒေသဈေးကွက်၌ ယခုနှစ် ဩဂုတ်လ နောက်ဆုံးပတ်မှစ၍ ငှက်ပျောသီးအစုံ ဝယ်လိုအား ကောင်းမွန်လာကာ အရောင်းအဝယ် ကောင်းမွန်လျက်ရှိပြီး တစ်ရက်လျှင် ငှက်ပျောသီးအဖီးရေ ၄၀၀၀ မှ ၅၅၀၀ အထိ အရောင်းအဝယ်ဖြစ်နေကြောင်း၊ အရောင်းအဝယ်ကောင်းမွန်နေသည့် ငှက်ပျောသီးများမှာ ဖီးကြမ်း၊ ရခိုင်၊ သီးမွှေး၊ ခွံနီ၊ ရွှေငှက်ပျော စသည့် ငှက်ပျောသီး အမျိုးအစား များဖြစ်ကြောင်း သိရသည်။

''ဟသ်ာတမြို့နယ်ကနေထွက်ရှိတဲ့ ငှက်ပျောသီးတွေကို တခြားမြို့နယ်တွေကဝယ်လိုအားများနေပါတယ်။ လက်ရှိ ငှက်ပျောသီးအဖီးရေ ၅၅၀၀ အထိ အရောင်းအဝယ်ဖြစ်နေပါတယ်။အခု အရောင်းအဝယ်ကောင်းနေတဲ့ ငှက်ပျောသီးတွေက အရည်အသွေးကောင်းမွန်ပါတယ်။ဒေသထွက်ကုန်ဖြစ်တော့ ဓာတုကင်းလွတ်ပြီး သန့်ရှင်းလတ်ဆတ်မှုရှိပါတယ်" ဟု ၎င်းကပြောသည်။

ဟသ်ာတမြို့နယ်၌ လက်ရှိငှက်ပျောသီးအပါအဝင် ဒေသထွက်ကုန်စိမ်းသီးနှံများပေါ်နေသည့်အချိန်ဖြစ်ကြောင်း၊ အဆိုပါဒေသထွက်ငှက်ပျောသီးများ ဝယ်လိုအားကောင်းပြီးအရောင်းသွက်လာကြောင်း၊ ဒေသထွက်ကုန်များကိုသာ အရောင်းအဝယ်ပြုလုပ်ရခြင်းကြောင့်သယ်ယူစရိတ်သက်သာခြင်း၊ ကုန်ပစ္စည်းလတ်ဆတ်မှုရှိခြင်း စသည့် အကျိုးကျေးဇူးများရရှိ ကြောင်း သိရသည်။

**Source :** https://www.myawady.net.mm/

## အလီဘာဘာက နိုင်ငံတကာကူးသန်းရောင်းဝယ်မှုတွင် ပထမဆုံး AI အေးဂျင့် စတင်မိတ်ဆက်

နိုင်ငံတကာ E-commerce ပလက်ဖောင်းဖြစ်သော Alibaba International က အသေးစားနှင့်အလတ်စားစီးပွားရေး လုပ်ငန်းများ (SMEs) အတွက် Accio Agent အမည်ရှိ ဉာဏ်ရည်တုကို စတင်မိတ်ဆက်ခဲ့ပြီး အချိန်တိုအတွင်း ကုန်ပစ္စည်းထုတ်လုပ်ခြင်းနှင့်ဈေးကွက်ကိုယ်စားလှယ်ရှာဖွေခြင်း အပါအဝင်ဈေးကွက်သုတေသန၊ထုတ်ကုန်များစီမံခန့်ခွဲခြင်း၊ ထုတ်ကုန် ရှေ့ပြေး

ပုံစံများဒီဇိုင်းဆွဲခြင်း၊ နိုင်ငံတကာစည်းမျဉ်းများအား ဝင်ရောက်ကြည့်ရှုခြင်းနှင့် စိတ်ချရသော အရောင်းကိုယ်စားလှယ်များ ရှာဖွေခြင်း စသည့် လုပ်ငန်းစဉ်အမျိုးမျိုးကို ခလုတ်တစ်ချက်နှိပ်ရုံဖြင့် လွယ်ကူစွာဆောင်ရွက်နိုင်တော့မည်ဖြစ်ကြောင်း ကုမ္ပဏီက ပြောကြားခဲ့သည်။

Accio Agent သည် လူသားများဆောင်ရွက်ရမည့် B2B ကုန်သွယ်မှုလုပ်ငန်းစဉ်များ၏ ၇၀ ရာခိုင်နှုန်း ကို အလိုအလျောက် လုပ်ဆောင်ပေးနိုင်ပြီး၊ အထူးသဖြင့် လုပ်သားအင်အားနှင့် စွမ်းဆောင်ရည် အကန့်အသတ်ရှိသော အသေးစားနှင့် အလတ်စား လုပ်ငန်းများ (SMEs) အတွက် အချိန်ကုန်သက်သာ ထိရောက်စွာ ဆောင်ရွက်နိုင်သော နည်းလမ်းတစ်ခုဖြစ်ကြောင်း၊ လက်တွေ့ ပြဿနာများအတွက် လက်တွေ့ဖြေရှင်းနည်း တစ်ခုဖြစ်ကြောင်း၊ မန်နေဂျာများ၊ ထုတ်ကုန်ဖန်တီးသူများ၊ အင်ဂျင်နီယာများနှင့် ဈေးကွက်သုတေသီများကို Accio Agent မှ အလိုအလျောက် ရှာပေးသွားမည်ဖြစ်ကြောင်း၊ ကမ္ဘာတစ်ဝှန်းရှိ ကုန်ထုတ်လုပ်သူ များအား စစ်တမ်းကောက်ယူပြီးမှ Accio ကို တီထွင်ခဲ့ခြင်းဖြစ်ကြောင်း ကုမ္ပဏီဒုတိယဥက္ကဋ္ဌ Kuo Zhang မှပြောကြားခဲ့သည်။

ကမ္ဘာတစ်ဝှန်းရှိ အသေးစားနှင့် အလတ်စားလုပ်ငန်းများ (SMEs) များ၏ ၄၀ ရာခိုင်နှုန်းသည် တစ်ဦးတည်းရှိသော လုပ်ငန်း များဖြစ်ကာ အချိန်၊ ရင်းမြစ်၊ လုပ်သားအင်အားတို့နှင့် ပတ်သက်၍ ကန့်သတ်ချက်များ ရေရှည်ကြုံတွေ့နေရကြောင်း စစ်တမ်း အရ သိရှိရပြီး AI အေးဂျင့်အသစ်က အဆိုပါ ကုမ္ပဏီများအား ရောင်းချရန် အခွင့်အလမ်းအသစ်များ ပေးစွမ်းနိုင်သည်ဟု ကုမ္ပဏီ မှ ပြောကြားထားသည်။

နည်းပညာဆိုင်ရာသုတေသနကုမ္ပဏီ Coherent ၏ အချက်အလက်များကို ကိုးကား၍ Alibaba က E-commerce ကဏ္ဍ၏ AI အပေါ်မှီခိုမှုသည် ယခုနှစ်တွင် ဒေါ်လာ ၇ ဒသမ ၆၈ ဘီလီယံ ရှိရာမှ နှစ်စဉ် ပျမ်းမျှတိုးတက်မှုနှုန်း ၂၅ ဒသမ၅ ရာခိုင်နှုန်းဖြင့် ၂၀၃၂ ခုနှစ်တွင် ဒေါ်လာ ၃၇ ဒသမ ၇ ဘီလီယံအထိ တိုးလာမည်ဖြစ်ကြောင်း၊ ကုလသမဂ္ဂကုန်သွယ်ရေးနှင့် ဖွံ့ဖြိုးတိုးတက်မှု ညီလာခံ၏ စစ်တမ်းများအရ ၂၀၂၄ ခုနှစ်တွင် ကမ္ဘာ့ E-commerce ကုန်သွယ်မှုပမာဏသည် စံချိန်တင်တန်ဖိုးဒေါ်လာ ၃၃ ထရီလီယံ အထိ ရောက်ရှိခဲ့ကြောင်း ပြောကြားခဲ့သည်။

**Source : www.koreatimes.co.kr**

https://commerce.gov.mm/

## မက္ကဆီကိုနိုင်ငံသည် လတ်ဆတ်သော ခရမ်းချဉ်သီး တင်ပို့ခွင့် ဈေးနှုန်းများကို အနိမ့်ဆုံးသတ်မှတ်



မက္ကဆီကိုနိုင်ငံသည် အမေရိကန်နှင့် သဘောတူညီချက်စာချုပ် သက်တမ်းကုန်ဆုံးပြီးနောက် ပြည်တွင်းထုတ်လုပ်မှုကို ကာကွယ်ရန်နှင့် ပြည်တွင်းထောက်ပံ့မှုကို ခိုင်မာစေရန်အတွက် လတ်ဆတ်သော ခရမ်းချဉ်သီးများကို အနိမ့်ဆုံးတင်ပို့ခွင့် ဈေးနှုန်းသတ်မှတ်လိုက်ကြောင်း မက္ကဆီကိုနိုင်ငံ၏ စီးပွားရေးဝန်ကြီးဌာနနှင့် စိုက်ပျိုးရေးဝန်ကြီးဌာနက ၂၀၂၅ခုနှစ် ဩဂုတ်လ ၁၀ ရက်နေ့က ပူးတွဲ ထုတ်ပြန် ခဲ့သည်။

ဤဆုံးဖြတ်ချက်သည် မက္ကဆီကိုမှ အမေရိကန်သို့ ခရမ်းချဉ်သီးတင်ပို့မှုကို နှစ်နိုင်ငံအကြား ထိန်းချုပ်ထားသည့် ၂၀၁၉ သဘောတူညီမှုမှ ဝါရှင်တန်သည် ဇူလိုင်လတွင် နုတ်ထွက်ပြီးနောက် ထွက်ပေါ်လာခြင်းဖြစ်ကြောင်း သိရသည်။

မက္ကဆီကိုနိုင်ငံမှ တင်သွင်းမည့် လတ်ဆတ်သောခရမ်းချဉ်သီးများကို အခွန် ၁၇ရာခိုင်နှုန်း ကောက်ခံမည်ဟု ဇူလိုင်လ ၁၄ ရက်နေ့တွင် Trump ကပြောကြားခဲ့သည်။

တစ်ကီလိုဂရမ်လျှင် အနည်းဆုံး ပို့ကုန်ဈေးနှုန်းမှာ ချယ်ရီနှင့် စပျစ်ခရမ်းချဉ်သီးများအတွက် ၁ ဒသမ ၇၀ ဒေါ်လာ၊ ရောမ ခရမ်းချဉ်သီးများအတွက် သုည ဒသမ ၈၈ဒေါ်လာ၊လုံးဝန်းသော ခရမ်းချဉ်သီးများအတွက် သုည ဒသမ ၉၅ ဒေါ်လာ၊ လုံးဝန်းပြီး အညှာပါသော ခရမ်းချဉ်သီးများအတွက် ၁ ဒသမ ၆၅ ဒေါ်လာ သတ်မှတ်ထားသည်။အခြားမျိုးကွဲများဖြစ်သည့် Cocktail နှင့် Heirloom ခရမ်းချဉ်သီးမျာအတွက် အနည်းဆုံးဈေးနှုန်း ၁ ဒသမ ၇၀ဒေါ်လာ ကျသင့်မည်ဖြစ်ကြောင်း သိရသည်။

မက္ကဆီကိုနိုင်ငံသည် ၂၀၂၄ခုနှစ်က ဒေါ်လာ ၃ ဒသမ ၃ ဘီလီယံတန်ဖိုးရှိ ခရမ်းချဉ်သီးများ တင်ပို့နိုင်ခဲ့ကြောင်း သိရသည်။

ထိုသဘောတူညီချက်ကို အစိုးရက ဩဂုတ်လ ၈ရက်နေ့တွင် တရားဝင်ထုတ်ပြန်ပြီးနောက် မက္ကဆီကိုခရမ်းချဉ်သီးစိုက်ပျိုးသူများအသင်းက ထောက်ခံကြောင်းပြသခဲ့သည်ဟု ဝန်ကြီးဌာနက ထပ်လောင်းပြောကြားခဲ့သည်။

**Source : Reuters**

**DOCA(ရန်ကုန်)**

https://www.doca.gov.mm/

## လာအိုသည် လယ်ယာစိုက်ပျိုးရေးကို မြှင့်တင်ရန် ရည်မှန်းထားပြီး သွင်းကုန်ဖြတ်တောက်ရန် ရည်ရွယ်ထား



လာအိုနိုင်ငံသည် သွင်းကုန်လျှော့ချရန် ရည်ရွယ်ချက်ဖြင့်စိုက်ပျိုးရေးလုပ်ငန်းရှင်များ၏ အရင်းအနှီးရရှိရေး တိုးတက်စေခြင်းဖြင့် ပြည်တွင်းနှင့် ပို့ကုန်ဈေးကွက်အတွက် လယ်ယာ ထွက်ကုန်များ မြှင့်တင်ရန် ဆက်လက်ကြိုးပမ်းလျက်ရှိသည်။

လာအိုလယ်ယာစီးပွားရေးအသင်းနှင့် လာအို အသေးစား ငွေရေးကြေးရေးအသင်းတို့သည် ပြည်တွင်းစားသုံးမှုနှင့်ပို့ကုန်များအတွက် သွင်းကုန်များလျှော့ချထုတ်လုပ်နိုင်ရေးအတွက်နည်းပညာပူးပေါင်းဆောင်ရွက်မှု နားလည်မှုစာချွန်လွှာကို လက်မှတ်ရေးထိုးခဲ့ကြောင်း လာအိုအမျိုးသားကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင် များအသင်း (LNCCI) မှ ပြောကြားခဲ့သည်။

အဆိုပါစာတမ်းသည် သတင်းအချက်အလက် မျှဝေရန်၊ စိုက်ပျိုးရေးစွန့်ဦး တီထွင်မှုမြှင့်တင်ရန်၊ သင်တန်းများပေးခြင်း၊ လုပ်ငန်းစီမံချက်များပြင်ဆင်ရာတွင် အဖွဲ့ဝင်များအား အထောက် အကူပြုစေရန်နှင့် နှစ်ဖက်အသင်းများအကြား ပူးပေါင်းဆောင်ရွက်မှုကို မြှင့်တင်ရန်ရည်ရွယ်ကြောင်း သိရသည်။

**Source: Xinhua**

DOCA(ရန်ကုန်)

https://www.doca.gov.mm/

# STOCK EXCHANGE (2.9.2025)

YANGON STOCK EXCHANGE

Search...

Home | About YSX | Main Board (MB) | Pre Listing Board (PLB)

Home > Main Board > Market Data > Stock trading data

## Stock trading data

As of 1st Sep. 2025

**Total Trading** [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 44,389 (Shares) | 89,561,000 (MMK) |

**Stock trading**

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 7,200 | +100 | +1.41% | 7,200 | 7,200 | 7,200 | 3 | 21,600 | 33,109,694 | 238,390 |
| MTSH | 00002 | 3,050 | -50 | -1.61% | 3,100 | 3,100 | 3,050 | 1,095 | 3,345,300 | 38,929,150 | 118,734 |
| MCB | 00003 | 7,400 | +0 | +0.00% | 7,400 | 7,400 | 7,400 | 41 | 303,400 | 10,400,986 | 76,967 |
| FPB | 00004 | 1,950 | +0 | +0.00% | 1,950 | 1,950 | 1,950 | 1,695 | 3,305,250 | 29,664,613 | 57,846 |
| TMH | 00005 | 2,600 | +0 | +0.00% | 2,600 | 2,600 | 2,600 | 700 | 1,820,000 | 12,823,224 | 33,340 |
| EFR | 00006 | 1,850 | +0 | +0.00% | 1,850 | 1,850 | 1,850 | 1 | 1,850 | 19,977,223 | 36,958 |
| AMATA | 00007 | 3,400 | -50 | -1.45% | 3,250 | 3,400 | 3,250 | 504 | 1,638,600 | 10,497,598 | 35,692 |
| MAEX | 00008 | 3,300 | +100 | +3.13% | 3,200 | 3,300 | 3,200 | 350 | 1,125,000 | 23,804,946 | 78,556 |

YANGON STOCK EXCHANGE

Search...

Home | About YSX | Main Board (MB) | Pre Listing Board (PLB)

Home > Main Board > Market Data > Market summary

## Market summary

As of 1st Sep. 2025

**Today's summary**

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 358.65 | +1.71 | +0.48% | 356.94 | 358.65 | 355.83 | 4,389 | 11,561,000 | 8 | 676,483 |

**Index chart**




## Market Overview

## Grand Total Trading [Total trading (MB) + Total trading (PLB)]

As of 1:00 pm, 1st Sep. 2025

| Trading Volume | Trading Value |
|---|---|
| 44,401 (Shares) | 89,595,300 (MMK) |

## Main Board

As of 1:00 pm, 1st Sep. 2025

**Total Trading (MB)** [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 44,389 (Shares) | 89,561,000 (MMK) |

| MYANPIX | 358.65 ▲ 1.71 |
|---|---|
| Total Volume (shares) | 4,389 |
| Total Value (MMK) | 12 mil |
| Listed Company | 8 |
| Market Cap. (MMK) | 676,483 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 7,200 | ▲ 100 |
| MTSH | 00002 | 3,050 | ▼ 50 |
| MCB | 00003 | 7,400 | ▲ 0 |
| FPB | 00004 | 1,950 | ▲ 0 |
| TMH | 00005 | 2,600 | ▲ 0 |
| EFR | 00006 | 1,850 | ▲ 0 |
| AMATA | 00007 | 3,400 | ▼ 50 |
| MAEX | 00008 | 3,300 | ▲ 100 |